# opmav;yg

## &il t mpm&

### ၁။ ဒုက္ခသစ္စာ

**ဒုက္ခမေဝ** ဟိ သမ္ဘောတိ၊

**ဒုက္ခံ** တိဋ္ဌတိ ဝေတိ စ။

နညတြ **ဒုက္ခာ** သမ္ဘောတိ၊

နညံ **ဒုက္ခာ** နိရုဇ္ဈတိ။

ဟိ၊ ဘုံသုံးပါး၌ ဒုက္ခအတိဖြစ်ပုံကို ဟောဦးအံ့။ တိဘူမေ၊ ဘုံသုံးပါး၌။ **ဒုက္ခမေဝ**၊ ဆင်းရဲအမှု ဒုက္ခအစုသည်သာလျှင်။ သမ္ဘောတိ၊ မရပ်မစဲ ထပ်တလဲလဲ တဖွဲဖွဲ ဖြစ်ပေါ်၍နေ၏။

**ဒုက္ခံ**၊ ဆင်းရဲအမှု ဒုက္ခစုသည်သာလျှင်။ တိဋ္ဌတိစ၊ ဌီသဘောအားဖြင့်လည်း တည်၍နေ၏။

ဝေတိစ၊ ဌီကလွန်မြောက် ချုပ်ခြင်းသို့ရောက် ၍လည်းနေ၏။

**ဒုက္ခာ**၊ ဆင်းရဲအမှု ဒုက္ခစုကို။ အညတြ၊ ကြဉ်ထား၍။ န သမ္ဘောတိ၊ တစ်စုံတစ်ခုမျှ ဖြစ်ပေါ်မှု သဘောမရှိ။

**ဒုက္ခာ**၊ ဆင်းရဲအစု ဒုက္ခမှုမှ။ အညံ၊ တစ်ပါးသော တရားမျိုးသည်။ န  နိရုဇ္ဈတိ၊ ချုပ်လေသည် မရှိ။

သင်္ဂါထာဝဂ္ဂသံယုတ်ပါဠိတော်၌ ဘုရားရှင် ဟောတော်မူသည့်အတိုင်း လောကသုံးပါး၌ ဖြစ်, တည်, ချုပ်ပျက်နေသမျှ အရာအားလုံးတို့သည် ဆင်းရဲဒုက္ခသာလျှင် ဖြစ်ကြလေကုန်၏။ သို့သော် မည်သည့်သတ္တဝါမျှ ဒုက္ခကို မလိုလားကြပေ။ အဟိတ်တိရစ္ဆာန် တို့သည်ပင် ဒုက္ခကို ကြောက်လန့်ကြ၏။ သက်ရှိမှန်သမျှသည် ဒုက္ခကို အတတ်နိုင်ဆုံး ရှောင်းကွင်းကြ၏။ အပြန် အားဖြင့် ချမ်းသာအောင် ကြိုးပမ်းကြသည်။ ဒုက္ခငြိမ်း ကြောင်း၊ သုခပွားကြောင်း နည်းလမ်း ကောင်းများ ဖော်ထုတ်ကြသည်။ ကုသိုလ် ကောင်းမှု ပြုဆည်းပူး ခြင်းသည် ဒုက္ခငြိမ်းကြောင်း၊ သုခပွားကြောင်း နည်းလမ်းကောင်းဖြစ်၏။ အသိဉာဏ် မြင့်မားသူတို့က ကုသိုလ်ပြု၍ ချမ်းသာ

ထူထောင်ကြသည်။ သို့သော် ကုသိုလ်ကောင်းမှုကြောင့် ရရှိလာသော ဘဝစည်းစိမ် တို့သည် ချမ်းသာအစစ်အမှန် မဟုတ်ကြပေ။ ပျက်ခြင်းအဆုံးရှိ၍ မစစ်မမှန်သော ချမ်းသာကို ဒုက္ခဟုသာ ဆိုရ၏။ ဤသို့ဖြင့် ဒုက္ခဘုံသားတို့သည် ဒုက္ခမှမလွတ်မြောက်နိုင်ဘဲ ရှိကြလေ၏။

ကုသိုလ်ကောင်းမှု ပြုလုပ်စဉ် ချမ်းသာဖို့အရေး မျှော်တွေးကြသည်။ သုခဝေဒနာ၊ ချမ်းသာသုခကို ခံစားလိုသော မျှော်လင့်ခြင်းသည် ဒုက္ခမျိုးစေ့သာဖြစ်၏။ မျှော်လင့်တောင့်တမှုသည် လောဘ၊ တဏှာမည်၏။ သုခဝေဒနာ၊ ဒုက္ခဝေဒနာတို့ကား တဏှာနှင့် ဆက်စပ်နေကြသည်။ သုခဝေဒနာ ခံစားရစဉ် တပ်မက်မှု လောဘတဏှာ ဖြစ်ပေါ်နေသည်မှာ ထင်ရှား၏။ ဒုက္ခဝေဒနာ ခံစားရခိုက်မှာလည်း တဏှာပါဝင်နိုင်၏။ ဒုက္ခရောက်နေသူသည် သုခကိုလှမ်း၍ တောင့်တကာ တဏှာဖြစ်၏။ ချမ်းသာကို မျှော်လင့်မှု၊ ဒုက္ခမှ လွတ်မြောက်လိုမှုတို့၌ ဝေဒနာသဘော၊ တဏှာသဘောတို့ ပါဝင်နေပေသည်။ တဏှာရှိနေသမျှ ဒုက္ခလည်း စင်နိုင်မည် မဟုတ်ပေ။

ရပိုင်ထားသော သုခကိုခံစားရင်း တဏှာဖြစ်၏။ မရသေးသော သုခကို မျှော်လင့်၍လည်း တဏှာ ဖြစ်၏။ သုခကို မျှော်လင့်၍ ကံပြုကာ သင်္ခါရကို ထူထောင်၏။ ကံပြုရာ၌ စေတနာ အရင်းခံဖြစ်သည်။ စေတနာ၊ ကံ၊ သင်္ခါရကြောင့် မျှော်လင့်ချက် ပြည့်ဝကာ ချမ်းသာကို ခံစားကြရသည်။ ကံအကျိုးဆက် ချမ်းသာသုခကို ခံစားခြင်းသည် ဝေဒနာမည်၏။ ဝေဒနာသည် ခန္ဓာထိုက်၏။ ဝေဒနက္ခာသည် ဒုက္ခသာတည်း။

ဒုက္ခမှ လွတ်မြောက်ရန်၊ သုခကိုရရှိရန် ကောင်းမှုပြုသော်လည်း ဒုက္ခကိုသာ ပြန်လည်ရရှိသောကြောင့် ဒုက္ခသံသရာလည်နေကြရ၏။ ဆင်းရဲခြင်းအစစ်အမှန် ဒုက္ခသစ္စာကို သိမြင်နိုင်မှသာလျှင် ဒုက္ခကို အဆုံးသတ် နိုင်ပေလိမ့်မည်။ ဒုက္ခကိုမြင်၍ တပ်မက်သာယာမှု တဏှာအစေးကို သုတ်သင်နိုင်မှသာ ချမ်းသာခြင်း အစစ်အမှန် မြတ်နိဗ္ဗာန်ကို ရရှိနိုင်ပေလိမ့်မည်။ ထို့ကြောင့် ဒုက္ခသစ္စာကို ရှာဖွေသင့်သည်၊ မြင်အောင်ရှုသင့်သည်။

**အာယတော အပဂတောတိ အပါယော။**

**အာယတော၊ ကြီးပွားခြင်းမှ။**

**အပဂတော၊ ကင်းသည်တည်း။**

**ဣတိ–တသ္မာ၊ ထို့ကြောင့်။**

**အပါယော၊ အပါယ်မည်၏။**

ဒုက္ခမျိုးစုံရှိသော သံသရာလောက၌ အပါယ်ဘုံသည် အကြီးဆုံးသော ဆင်းရဲဖြစ်၏။ အပါယ်ဘဝ တို့ကား ဆင်းရဲခြင်း အတုံးအခဲတည်း။ ချမ်းသာခြင်း ကင်းဆိတ်၏။ ကြီးပွား ချမ်းသာ မရှိ၊ ချမ်းသာခြင်းအညွန့် တုံးနေသောကြောင့် အပါယ်ဟုခေါ်သည်။ အပါယ် လေးဘုံသား တို့သည် ဘဝအညွန့်တုံး၍ အရှုံးကြီးရှုံးသူများ ဖြစ်ကြ၏။ ဘဝနိမ့်ကျသူများ ဖြစ်ကြ၏။ ပဋိသန္ဓေစိတ်၌ ပညာပါဝင်ယှဉ်တွဲမှုလည်း မရှိသောကြောင့် ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ် များ ဖြစ်ကြသည်။ ထိုကြောင့် မဂ်ဖိုလ် နိဗ္ဗာန်ကို မရနိုင်ကြပေ။ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဝေးစွ သာမန် အသိအလိမ္မာပင် မရှိကြပေ။ ဒါနသီလစသော ကိုသိုလ် အခွင့်အလမ်းလည်း မရှိသလောက် ရှား၏။ အပါယ်ဘုံကား ထိတ်လန့် ရွံ့ရှာဖွယ် ဖြစ်ပေသည်။

ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တို့ကိုသာ **အပါယ်**ဟု သာမန်အားဖြင့် သတ်မှတ်၏။ သို့သော် အရိယာပုဂ္ဂိုလ်မြတ်တို့၏ ဉာဏ်အမြင်၌ကား ဘုံသုံးဆယ့်တစ်မျိုး ခွဲခြားအပ်သော အနမတဂ္ဂသံသရာကြီး တစ်ခုလုံးသည် ဒုက္ခအစုသာ ဖြစ်သောကြောင့် **အပါယ** မည်၏။ ဘုံ လောက ဘဝသံသရာကြီး တစ်ခုလုံးသည် ချမ်းသာဟူ၍ မြူမျှမရှိ၊ ဆင်းရဲခြင်း အတိပြီး၏။ ဘုံ ဘဝ၌ တည်ရှိသမျှ အရာအားလုံး ဒုက္ခသဘောသို့သာ ဆိုက်ရောက်ကြရသည်။

**ဒုက္ခဒုက္ခ** = ထင်သာမြင်သာသော ဖြစ်ရိုးဖြစ်စဉ် ဆင်းရဲမှု၊

**ဝိပရိနာမဒုက္ခ** = အခိုက်အတန့်အားဖြင့် ကောင်းမြတ် ချမ်းသာသည်ထင်ရသော်လည်း ပျက်စီးခြင်း၊ ချမ်းသာမဲ့ခြင်း၌သာ အဆုံးသတ်ရသော ဆင်းရဲမှု၊

**သင်္ခါရဒုက္ခ** = မရပ်မနား တပြောင်းပြန်ပြန် ဖြစ်ချုပ်နေခြင်း၊ ပြုပြင်စီမံရခြင်းဆင်းရဲမှု။

လောကသားတို့သည် ဤဒုက္ခတို့ဖြင့်သာ သံသရာလည်နေကြရ၏။ ဘဝသံသရာ၏ သဘောမှန်ကို သိမြင်တော်မူကြသော အရိယာသူမြတ်တို့သည် သံသရာတစ်ခုလုံးကို ဒုက္ခဟုသာ ရှုမြင်သုံးသပ်ကြ၏၊ အပါယ်ဟုသာ နှလုံးသွင်းကြလေသည်။

အဝိဇ္ဇာနှင့်တဏှာကို မူရင်းထား၍ အစချီသော ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်၌ ချမ်းသာသုခ ဟူ၍ မရှိပေ။ အကျိုးအကြောင်း ဆက်စပ်နေသော ဒုက္ခအစုတို့သာ အဆက်မပြတ် ဖြစ်ပွား နေကြ၏။ ထိုဒုက္ခစက်ဝိုင်းကို သံသရာလောကဟုခေါ်သည်။ ဘုရားရှင်ကလည်း **ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ – ချမ်းသာမဖက် သက်သက်သော ဒုက္ခတို့သာလျှင် မရပ်မစဲ တဖွဲဖွဲ ဖြစ်ပေါ်နေ၏**ဟု ဟောတော်မူသည်။ ပဋိစ္စသမုပ္ပါဒ်နည်းအရ ဒုက္ခအစုသာဖြစ်၍ အပါယ် ဟုခေါ်ဆိုထိုက်သော ဘဝသံသရာကို ငြီးငွေ့ စက်ဆုပ်သင့်ပေသည်။

ဘဝသံသရာကို စက်ဆုပ်မှသာလျှင် ဒုက္ခကိုအဆုံးသတ်နိုင်ပေမည်။ သို့သော် ဘဝကို စက်ဆုပ်ရန် မလွယ်ကူပေ။ သံသရာလောကသားတို့၏ ဘဝကျင်လည်မှု အတည်တကျမရှိခြင်း၊ လားရောက်ရာ ဘဝကို ကြိုတင် မခန့်မှန်းနိုင်ခြင်းဟူသော သံသရာလောက၏ ဝိနိပါတ သဘောကို မြင်ပါမှ ဘဝကို ထိတ်လန့် စက်ဆုပ်နိုင်ပေမည်။

**ဝိနိပါတနံ ဝိနိပါတော။**

**ဝိနိပါတနံ**၊ ဖရိုဖရဲ လွင့်စင်ကျရောက်ခြင်းသည်။

**ဝိနိပါတော**၊ ဝိနိပါတမည်၏။

သံသရာ ကျင်လည်ရသော ပုထုဇဉ်သားတို့သည် မျှော်မှန်းသောဘဝ၊ ရောက်လိုသော ဘဝကို အတိအကျ အသေအချာ မလားရောက်နိုင်ကြပေ။ လေနှင်ရာလွင့်ရသော အမှိုက်ကဲ့သို့ လည်းကောင်း၊ မြစ်ရေ ချောင်းရေ သယ်ဆောင်ရာ မျောပါရသော ဒိုက်ဖတ်ကဲ့သို့လည်းကောင်း ကံပစ်ချရာ ဘဝသံသရာမှာ ဖြစ်ရောက် ကျင်လည်ကြရ၏။ လူဖြစ်စေ၊ နတ်ဖြစ်စေ၊ ဗြဟ္မာကြီး ပင် ဖြစ်နေပါစေ ပုထုဇဉ်မှန်သမျှ သံသရာ၌ ပရမ်းပတာကျင်လည်ကြရသည်။ နေဝသညာ နာသညာယတန ဗြဟ္မာကြီးမှစ၍ အပါယ်ဘုံသားကမျဉ်းနီလေး တိုင်အောင် ကြီးငယ်ယုတ်မြတ် ပုထုဇဉ်မှန်သမျှ ချွင်းချက်မရှိဘဲ ဘုံဘဝ အရွေ့အပြောင်း၊ အတိမ်းအစောင်း ရှိနိုင်သည်။ ဤသို့ စည်းမရှိ ကမ်းမရှိ ဖြစ်ချင်တိုင်း ဖြစ်နေသော ဤလောကသံသရာကို ဝိနိပါတဟု ခေါ်သည်။ဝိနိပါတဘေး သင့်နေသော ဘဝသံသရာကား ဒုက္ခသာတည်း။

လောကသံသရာ၏ ဆင်းရဲပုံ၊ ပုထုဇဉ် လောကသားတို့၏ ဘဝကြဉ်လည်မှု မသေချာပုံတို့ကို **လေ့လာ မှတ်သား ကြားနာသိ၊ နှိုင်းဆဆင်ခြင်သိ၊ ထိုးထွင်းပိုင်းခြားသိ၊** အသိဉာဏ်အဆင့်ဆင့်ဖြင့် ပိုင်းခြားထင်ထင် သိမြင်နိုင်မှ ချမ်းသာပေလိမ့်မည်။ ပုဂ္ဂိုလ်သတ္တဝါဟူ၍ မရှိဘဲ ပရမတ်သဘောတို့ အကျိုးအကြောင်း ဆက်စပ်ကာ မရပ်မနား ဖြစ်ပွားနေခြင်း ပဋိစ္စသမုပ္ပါဒ်သဘောကို မြင်မှသာလျှင် **ငါငါ**ဟု စွဲလမ်းသော အတ္တဒိဋ္ဌိကို လွန်မြောက်ကာ ဒုက္ခကို အဆုံးသတ်နိုင်ပေလိမ့်မည်။

သံသရာ၏ ဆင်းရဲပုံ ပဋိစ္စသမုပ္ပါဒ် သဘောကို မြင်အောင်ကြည့်၍၊ သတ္တဝါတို့ ဖရိုဖရဲ ကြဉ်လည်ရသော သံသရာ၏ ဝိနိပါတဘေးကို ထိတ်လန့်သံဝေဂယူ၍ ဝေဒနာ၊ တဏှာတို့ မပါဝင်စေဘဲ ကုသိုလ် ကောင်းမှု ပြုလုပ်ဆည်းပူးကာ အစစ်အမှန်ချမ်းသာဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြ ပါစေ။

## ၂။ သမုဒယသစ္စာ

အကြောင်းတရား မှန်သမျှကို သမုဒယဟု ခေါ်နိုင်၏။ ထို့ကြောင့် အကြောင်းရင်း ဖြစ်သော အမှန်တရားသည် သမုဒယသစ္စာ မည်ပေသည်။ သို့သော် အကြောင်းသမုဒယ မှန်သမျှကို သမုဒယသစ္စာ မဆိုနိုင်ပေ။ သမုဒယသစ္စာဟု အလွယ်ပြောဆိုကြသော်လည်း ဓမ္မစကြာပါဠိတော်၌ **ဒုက္ခသမုဒယအရိယသစ္စာ** ဟု ဟောတော်မူပေသည်။

**ဒုက္ခသမုဒယ = ဆင်းရဲဒုက္ခ၏ အကြောင်းရင်းဖြစ်သော**

**အရိယသစ္စာ = အရိယာတို့ သိမြင်သော အမှန်တရား**ဟု အဓိပ္ပာယ်ရပေသည်။

အကြောင်းတရားသည် သမုဒယ မည်သော်လည်း၊ အကြောင်းသမုဒယမှန်သမျှ သမုဒယသစ္စာ မဟုတ်ကြပေ။ ဒုက္ခဖြစ်ကြောင်း တရားကိုသာ သမုဒယသစ္စာဟု ဆိုရပေသည်။ ကုသိုလ်၊ အကုသိုလ်၊ ဟိတ်–စသော အကြောင်းတရားတို့သည် သမုဒယသာမညများ ဖြစ်ကြ၏။ သစ္စာ မထိုက်သော သမုဒယများ ဖြစ်ကြသည်။ အရိယသစ္စာဒေသနာတော်နည်း၌ ဒုက္ခ၏ အကြောင်းရင်း၊ သစ္စာထိုက်သော သမုဒယကား အကုသိုလ် စေတသိတ် အုပ်စုဝင် လောဘဖြစ်ပေသည်။

စင်စစ်အားဖြင့် မကောင်းမှု အကုသိုလ်တရား မှန်သမျှသည် ဆင်းရဲခြင်း၏ အကြောင်းရင်း ဖြစ်ပေသည်။ လောဘကြောင့်သာ ဆင်းရဲရသည်မဟုတ်။ ဒေါသကြောင့်လည်း ဆင်းရဲရသည်။ မောဟကြောင့် လည်း ဆင်းရဲရသည်။ ဤသို့ စသည်ဖြင့် ဆင်းရဲဒုက္ခကို ဖြစ်စေတတ်သော အကြောင်းများစွာ ရှိပါလျက် လောဘကိုသာ ဒုက္ခ၏အကြောင်းဟု ယူဆလျှင် အကြောင်းတရား တစ်မျိုးသာရှိ၏ဟု မှတ်ယူသော ဧကကာရဏဝါဒမည်၏။ မိစ္ဆာဒိဋ္ဌိအယူဝါဒ ဖြစ်ပေသည်။ သစ္စာဒေသနာတော်၌ကား ဒုက္ခဖြစ်ကြောင်း တရား များစွာအနက် ပဓာနကျသော အကြောင်းတရား လောဘကိုသာ သမုဒယသစ္စာဟုဟောတော် မူခြင်း ဖြစ်သည်။ လောဘမှ တစ်ပါးသော ဒုက္ခဖြစ်ကြောင်းတရား မရှိဟု မဆိုလိုပေ။

လိုချင်မှု၊ ချစ်ခင်မှု၊ ကြိုက်နှစ်သက်မှု၊ တပ်မက်မှု၊ သာယာမှု၊ ကျေနပ်မှု၊ မက်မောမှု၊ ငြိတွယ်မှု၊ မစွန့်ခွာနိုင်မှုစသော မြန်မာစကားတို့သည် အဘိဓမ္မာတရားကိုယ်အားဖြင့် လောဘသာ ဖြစ်ပေသည်။ ရှေးပညာရှိတို့က ပိုသည်မရှိ အမြဲတမ်း လို၍လို၍သာ နေတတ်သောတရားဟု လောဘကို ဖွင့်ဆိုကြ လေသည်။ မရခင် လိုချင်သည်။ ရလျှင်လည်း ထပ်ကာထပ်ကာ အလိုရှိနေပြန်သည်။ လိုချင်မှု ထိုလောဘ ကြောင့် သတ္တဝါတို့ ဆင်းရဲကြရလေသည်။ လိုချင်မှု မဆုံးနိုင်သောကြောင့် ဒုက္ခသံသရာ လည်နေကြရ ပေသည်။

မြန်မာစကား၌ လောဘကို အမျိုးမျိုး ခေါ်ဆိုသကဲ့သို့ ပါဠိစာပေ၌လည်း လောဘ၏ အမည် များစွာ ရှိပေသည်။ တဏှာ၊ ပေမ၊ ရာဂ၊ အဘိဇ္ဈာ စသည်တို့မှာ လောဘ၏ အမည်ကွဲများ ဖြစ်ကြသည်။ အာရုံ တစ်ခုခုကို ရေဆာသကဲ့သို့ ဆာလောင်တမ်းတမှု လောဘကို တဏှာဟုဆို၏။ မိဘသားသမီး၊ ညီအစ်ကို မောင်နှမ၊ ဆွေမျိုးသားချင်း၊ သွေးသားနီးစပ်သူတို့၏ ချစ်ခင်မှု လောဘကို ပေမဟုဆိုသည်။ အဝတ်စကို ဆေးဆိုးရာ၌ အဝတ်စမှာ ဆေးရောင်စွဲသကဲ့သို့ အာရုံ၌ တပ်မက်စွဲလမ်းမှု လောဘသည် ရာဂမည်၏။ ရာထူးဂုဏ်သိန်၊ စည်းစိမ်ဉစ္စာစသော သူတစ်ပါး၏ ပိုင်ဆိုင်မှုများကို ကိုယ်ပိုင်ဖြစ်အောင် မတရား ကြံဆောင် ရာ၌ ဖြစ်ပေါ်လာသော လောဘသည် အဘိဇ္ဈာမည်၏။

ဒေသနာအရာ၌ လိမ္မာကျွမ်းကျင်တော်မူသော မြတ်စွာဘုရားသည် အဆင့်အမျိုးမျိုး အလွှာအမျိုးမျိုး ရှိကြသော တရားဓမ္မ နာခံသူတို့နှင့် သင့်လျော်လိုက်ဖက်အောင် ပရိယာယ်

အမျိုးမျိုးဖြင့် တရားဟောတော်မူလေ့ ရှိပေသည်။ သမုဒယသစ္စာထိုက်သော လောဘကိုလည်း ပပဥ္စ အာသဝ ဥပါဒါန နီဝရဏ ကိလေသာ စသော အမည်အမျိုးမျိုးဖြင့် ဟောတော်မူခဲ့လေသည်။

ပပဥ္စ။ ။ ချဲ့ထွင်တတ်သော တရားသည် ပပဥ္စမည်၏။ သတ္တဝါတို့ သံသရာမှ မထွက်မြောက်နိုင် အောင် ပြုလုပ်တတ်သောတရား၊ သံသရာကို ရှည်စေ ကျယ်စေနိုင်သော တဏှာ၊ မာန၊ ဒိဋ္ဌိတို့ကို ပပဥ္စတရား ဟုခေါ်၏။ ဤ၌ တဏှာပပဥ္စကား လောဘဟူသော သမုဒယသစ္စာဖြစ်ပေသည်။ အဆုံးမသတ်နိုင်သော လောဘကြောင့် လောကကြီး ကျယ်ပြန့်နေ၏။ သံသရာခရီး ရှည်လျားနေ၏။ လောဘသည် အိမ်ငယ်မှ အိမ်ကြီးဖြစ်အောင် ချဲ့၏။ သစ်သားအိမ်မှ တိုက်အိမ်ဖြစ်အောင် ချဲ့၏။ ခြံဝင်း ကျဉ်းနေသည်ကို ကျယ်အောင် ချဲ့၏။ မိသားစုလေးကို မိသားစုကြီးဖြစ်အောင် လုပ်၏။ တောရွာကို မြို့ပြဖြစ်အောင် စီမံ၏။ ကမ္ဘာလောကကြီး စည်ကားကျယ်ပြန့် လာရသည်မှာ လောဘကြောင့် ဖြစ်၏။ လောဘသည် ဤဘဝ ဤခန္ဓာကိုသာ ချဲ့ထွင်သည်မဟုတ်၊ ဘဝအမျိုးမျိုးကို သံသရာနှင့်ချီ၍ ချဲ့ထွင်တတ်သည်။

အာသဝ။ ။ မူးယစ်ဆေး တစ်မျိုးဖြစ်သော အရက်သေစာကို ပါဠိလို အာသဝ ဟုခေါ်၏။ လောဘ၊ ဒိဋ္ဌိ၊ မောဟတို့သည် သတ္တဝါတို့ကို ရူးစေမူးစေနိုင်သော သတ္တိရှိသောကြောင့် အာသဝမည်လေသည်။ သမုဒယသစ္စာဖြစ်သော လောဘကို ကာမာသဝ၊ ဘဝါသဝဟူသော အမည်နှစ်မျိုးဖြင့် ဘုရားရှင် ဟောတော်မူသည်။ အာရုံငါးပါး ကာမဂုဏ် တရား၌ တပ်မက်စွဲလမ်းမိသော သတ္တဝါတို့သည် ကျိုးကြောင်းဆင်ခြင်ဉာဏ် ကင်းမဲ့ကာ အရူးအမူး ဖြစ်ကြရလေသည်။ တဏှာရူး၊ မယားတရူး၊ ဥစ္စာရူးစသော အရူးအမျိုးမျိုး ဖြစ်ကြရသည်။ ကာမဂုဏ်၏အပြစ်ကို မြင်နိုင်သူတို့ တောထွက်ရဟန်းပြုကြသည်။ ကာမဂုဏ်၏ အပြစ်ကို မြင်ပါသော်လည်း ရူပ,အရူပ ဗြဟ္မာ့ဘဝတို့ကို တပ်မက်သော ဘဝတဏှာ ရှိနေသေးသောကြောင့် တောထွက် တရားကျင့်၍ ဈာန်ရကာ ဗြဟ္မာ့ဘဝ ရပြန်၏။ ဗြဟ္မာ့ဘုံ ဗြဟ္မာ့ဘဝ တို့၌လည်း ရူးသွပ်မိုက်မဲမှု မကင်းသေးပေ။ ကာမာသဝ ကာမအရက်သည် ကြမ်းကြမ်းတမ်းတမ်း မူးစေ၏။ ဘဝါသဝ ဘဝအရက်သည် ဖြည်းဖြည်းညင်သာ မူးစေ၏။ အနုအကြမ်း ကွာခြားသော်လည်း ရူးခြင်းမူးခြင်းကား တူမျှသည်သာတည်း။

**ဥပါဒါန**။ ။ သမုဒယသစ္စာထိုက်သော လောဘသည် ဥပါဒါန်တရားတွင်လည်း ပါဝင်၏။ အပြင်း အထန် စွဲလမ်းမှုသည် ဥပါဒါန်မည်၏။ ဖားက မြွေကို မလွတ်တမ်း ဖမ်းကိုက်ထားသကဲ့သို့ အာရုံငါးပါးနှင့် ကာမ(၁၁)ဘုံကို တမ်းတမ်းစွဲ တပ်မက်သော လောဘသည် ကာမုပါဒါန်မည်၏။ ဥပါဒါန်အဆင့်သို့ ရောက် သော လောဘသည် ရလိုရုံမျှ၊ ပိုင်လိုရုံမျှသာ မဟုတ် မရမနေ မဖြစ်မနေ တစိုက်မတ်မတ် တစ်အာရုံတည်းမှာ စွဲကပ်နေပေ တော့သည်။

**နီဝရဏ**။ ။ ပိတ်ပင်တားမြစ်တတ်သော တရားတို့သည် နီဝရဏမည်၏။ သမုဒယလောဘသည် ပိတ်ပင် တတ်သောတရား နီဝရဏခြောက်ပါးတွင်လည်း ပါဝင်၏။ လောဘကို ကာမစ္ဆန္ဒနီဝရဏဟုခေါ်သည်။ နီဝရဏတို့သည် ကုသိုလ်တရားတို့ကို ဖြစ်ခွင့်မရအောင် ပိတ်ပင်တားမြစ်နိုင်၏။ ကာမဂုဏ်၌ မွေ့လျော်ကာ လောဘဖြစ်နေလျှင် ကုသိုလ်ကောင်းမှု မပြုလုပ်နိုင်ပေ။ ပေးလှူဖို့ကြံလျှင် မလှူဖြစ်အောင် လောဘက ပိတ်ပင်တားမြစ်၏။ သီလဆောက်တည်မည်၊ ဥပုသ်သီတင်း စောင့်သုံးမည်၊ တရားဘာဝနာ အားထုတ်တော့မည်ဆိုလျှင် ကာမဂုဏ်မှ ရုန်းထွက်ရသည်။ ကာမဂုဏ်မှ မလွတ်နိုင် မရုန်းနိုင်ဖြစ်ကာ ထိုထိုကုသိုလ်အခွင့် အရေးများ လက်လွတ်သွားအောင် လောဘက နှောင့်ယှက် တားမြစ်နိုင်သည်။ ကုသိုလ်ဖြစ်ခွင့် ပိတ်ပင်တတ် သော လောဘကို ကာမစ္ဆန္ဒနီဝရဏဟု ခေါ်ပေသည်။

**ကိလေသာ**။ ။ စိတ်ကို ပူလောင် ညစ်နွမ်းစေတတ်သော တရားဆိုးများကို ကိလေသာဟု ခေါ်သည်။ ပကတိအားဖြင့် ဖြူစင်နေသောစိတ်ကို ကိလေသာဆယ်မျိုးက ညစ်ပတ်ပေကျံသွားအောင် ဖျက်ဆီး၏။ စိတ်အညစ်အကြေး ကိလေသာတို့တွင်လည်း လောဘပါဝင်၏။ ဝတ္ထုပစ္စည်း အာရုံတစ်မျိုးမျိုး မည်မျှ ကောင်းမြတ် နေပါစေ သတ္တဝါတို့၏ ရှေ့မှောက်သို့ အာရုံအဖြစ် ရောက်မလာလျှင် လိုချင်တပ်မက်မှု မရှိ။ ထိုသို့ နှစ်သက်တပ်မက်ခြင်းကင်းသောစိတ်သည် ဖြူစင်သန့်ရှင်း၏၊ ငြိမ်းချမ်းအေးမြ၏။ အာရုံကို တွေ့မြင် တပ်မက်၍ လောဘဖြစ်သည်နှင့် တပြိုင်နက် စိတ်သည်လှုပ်ရှားလာ၏။ ပူလောင်ညစ်နွမ်းလာရသည်။ လောဘစသော ကိလေသာတို့သည် အာရုံနှင့်မတွေ့ခင် ငြိမ်နေ၏။ မဖြစ်ခြင်းအားဖြင့် ချုပ်ငြိမ်းနေ၏။ ထို့ကြောင့် မမြင်ရရာ၊ ကိလေသာ၊ သူ့ဟာသူငြိမ်းသည်ဟု ပညာရှိတို့

မိန့်ဆိုကြသည်။ အာရုံနှင့်တွေ့လျှင် ထကြွလာပြီး စိတ်ကို ညစ်နွမ်းစေတတ် သောကြောင့် လောဘကို ကိလေသာဟုခေါ်၏။

နာယူသူတို့ နားလည်နိုင်အောင် လောဘကို အမည်အမျိုးတပ်၍ ဘုရားရှင် ဟောကြားတော်မူခဲ့ သော်လည်း တဏှာပပဉ္စ၊ ကာမာသဝ၊ ဘဝါသဝ၊ ကာမုပါဒါန်၊ ကာမစ္ဆန္ဒနီဝရဏ၊ လောဘကိလေသာ တို့သည် အဘိဓမ္မာတရားကိုယ်အားဖြင့် လောဘစေတသိတ် သာ ဖြစ်ပေသည်။ အမည်နာမ မည်သို့မှည့်ခေါ် ထားသည်ဖြစ်စေ ဒုက္ခ၏ အကြောင်းရင်း ဖြစ်သော၊ သမုဒယသစ္စာထိုက်သော လောဘကို ပယ်သတ်ရပေမည်။ ဒုက္ခ၏ အကြောင်းကို ပယ်သတ်နိုင်မှသာလျှင် အကျိုးဒုက္ခပါ ချုပ်ငြိမ်းပြီး ချမ်းသာခြင်း အစစ်အမှန်ဖြစ်သော နိဗ္ဗာန်ကို သိမြင်ခံစား မျက်မှောက်ပြုနိုင်ပေလိမ့်မည်။

ချမ်းသာသုခကို ရရှိနိုင်ရေးအတွက် ဒုက္ခ၏ အကြောင်းဖြစ်သော လောဘကို ပယ်သတ် ရမည် ဖြစ်သော်လည်း ပုထုဇဉ်တို့ အနေဖြင့် လောဘကို အမြစ်ပြတ် မပယ်နိုင်ကြပေ။ လောဘ ကား ပယ်ဖြတ်ရန် ခက်ခဲသော ကိလေသာဖြစ်၏။ အရိယာမဂ်ဖြင့် လေးကြိမ်တိုင်တိုင် ပယ်ဖြတ် ပါမှ လောဘ အမြစ်ပြတ်လေသည်။ ရဟန္တာအရှင်မြတ်တို့သာလျှင် လောဘ စင်စင် ကင်း၏။ ပုထုဇဉ်တို့ အနေဖြင့် လောဘကို အမြစ်ပြတ် မပယ်နိုင်သေးလျှင် နည်းပါး လျော့ကျသွားအောင် ကြိုးစားရပေမည်။

စင်စစ်အားဖြင့် ပုထုဇဉ်တို့မှီတည်ရာ ကမ္ဘာလောကသည် လောဘကြောင့်သာ ရှင်သန် နေပေသည်။ လောဘမရှိလျှင် လောကမတည်နိုင်ပေ။ ထို့ကြောင့် လောဘကို အခြေပြု၍ တည်ရှိ နေသောလောက အတန်အသင့် ငြိမ်းချမ်းရလေအောင် လောဘကို သမလောဘ၊ ဝိသမလောဘဟု နှစ်မျိုးခွဲ၍ ဝိသမလောဘကို ရှောင်ဖယ်ကြရန် ပညာရှိတို့ လမ်းညွှန်ကြလေသည်။ လောဘတွန်းအားဖြင့် ကိုယ့်မိသားစု၊ ကိုယ့်ဆွေမျိုး၊ ကိုယ့်လူမျိုး၊ ကိုယ့်နိုင်ငံကို မြှင့်တင်ရာ၌ သူ့မိသားစု၊ သူ့ဆွေမျိုး၊ သူ့လူမျိုး၊ သူ့နိုင်ငံကို မထိပါးလျှင် သမနည်း၊ သမလောဘမည်၏။ ထိုလောဘကို ပုထုဇဉ်တို့ မပယ်နိုင်ပေ။ ကိုယ်ကောင်းစားဖို့ ကြိုးစားရာ၌ သူ့ကိုထိပါး လျှင် ဝိသမနည်း၊ ဝိသမလောဘမည်၏။ ထိုလောဘမျိုး မရှိသင့်ပေ။ ထိုဝိသမလောဘ ကင်းငြိမ်းမှ လောက ငြိမ်းချမ်းပေလိမ့်မည်။

ပထမအဆင့် အနေဖြင့် လောကကို ထိပါးသော ဝိသမလောဘ၊ သမုဒယသစ္စာ အကြမ်းစားကို ပယ်ကြရပေမည်။ ဝိသမလောဘကို လုံးဝမဖြစ်အောင် ကြိုးစားရင်း အမည် အမျိုးမျိုး၊ အဆင့်အမျိုးမျိုးဖြင့် တည်ရှိနေသော လောဘမှန်သမျှ၊ သမုဒယသစ္စာအားလုံးကို တဖြည်းဖြည်း ပါးသည်ထက်ပါးအောင်ခွါ၍ နောက်ဆုံး အမြစ်ပြတ် သုတ်သင်ပစ် နိုင်အောင် သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာ စွမ်းအားတို့ဖြင့် နေထိုင်ရှင် သန်ကြရပေမည်။

## ၃။ နိရောဓသစ္စာ

နိရောဓဟူသော ပါဠိစကားမှာ ချုပ်ငြိမ်းခြင်းဟု အဓိပ္ပာယ်ရ၏။ သစ္စာဟူသည် အမှန်တရား ဖြစ်ပေသည်။ ထို့ကြောင့် နိရောဒသစ္စာကို ချုပ်ငြိမ်းခြင်းအမှန်တရားဟု ဆိုနိုင်သည်။ သို့သော် ပရမတ္ထတရားတို့ သူ့သဘာဝတိုင်း ဖြစ်တည်ပြီးနောက် ချုပ်ပျောက်သွားမှု မှန်သမျှကို နိရောဓသစ္စာဟု မဆိုရပေ။ တဏှာ၏ချုပ်ပျောက်ခြင်းကိုသာလျှင် နိရောဓသစ္စာဟု ခေါ်ဆိုရပေသည်။

တဏှာလောဘ ချုပ်ငြိမ်းခြင်ကို နိရောဓဆိုရာ၌လည်း လောကီကုသိုလ်များ ဖြစ်ပေါ်ခိုက် အချိန်ကာလ အပိုင်းအခြား တစ်ခုအတွင်း တဏှာလောဘ ငုတ်ကွယ် ချုပ်ပြောက်နေခြင်းကို နိရောဓသစ္စာဟု မဆိုနိုင်ပေ။ လောကုတ္တရာမဂ်ဖြင့် အကြွင်းမဲ့ ပယ်သတ်အပ်သောကြောင့် နောက်ထပ်တစ်ဖန် ပြန်မဖြစ်ခြင်းမျိုးဖြင့် တဏှာချုပ်ငြိမ်းသွားမှုကိုသာ နိရောဓသစ္စာဟု ဆိုရပေသည်။

တဏှာကို အကြွင်းမဲ့ ပယ်သတ်နိုင်သည်နှင့် လုံးဝအေးငြိမ်းသော နိဗ္ဗာန်ချမ်းသာကို သိမြင်ခံစား မျက်မှောက်ပြုနိုင်၏။ တဏှာ အကြွင်းမဲ့ ချုပ်ငြိမ်းရာသည် နိဗ္ဗာန်သာဖြစ်၏။ ထို့ကြောင့် အမြင့်မြတ်ဆုံးဖြစ်သော နိဗ္ဗာန်သည်သာ နိရောဓသစ္စာ မည်ပေသည်။

တဏှာအကြွင်းမဲ့ချုပ်ရာ နိဗ္ဗာန်သည်သာ နိရောဓသစ္စာ ဖြစ်သောကြောင့် တဏှာကို အကြွင်းမဲ့ မပယ်သတ်နိုင်ကြသေးသော ပုထုဇဉ်တို့မှာ နိရောဓသစ္စာကို တိတိကျကျ မသိမြင်နိုင်ကြပေ။ နိဗ္ဗာန်ကို ပန်းတိုင်အဖြစ် မှတ်ယူထားကြသော ဗုဒ္ဓဘာသာဝင်တို့မှာ ထိုပန်းတိုင်ကို

သွေ့ဖီ၍လည်း မရပေ။ နိဗ္ဗာန်ကို နောက်ဆုံးပန်းတိုင်အဖြစ် သတ်မှတ်ထားသော ဗုဒ္ဓဘာသာဝင်တို့ အတွက် အရေးကြီးသော ပြဿနာမှာ နိဗ္ဗာန်ချမ်းသာကို ကိုယ်တိုင်ကိုယ်ကျ သိမြင်ခံစားနိုင်ရန်၊ တဏှာလောဘကို သုတ်သင် ပယ်ရှင်းရန်သာဖြစ်ပေသည်။

ထို့ကြောင့် နိဗ္ဗာန်ချမ်းသာကို ကိုယ်တွေ့ သိကြပြီးသော ဘုရား ရဟန္တာ အရိယာသူတော်စင်များ ဟောညွှန်သည့်အတိုင်းသာ နိဗ္ဗာန်ဟူသော နိရောဓသစ္စာကို ရမ်းရော်မှန်းဆ၍အာရုံပြုကြရပေသည်။ ပုထုဇဉ်ဉာဏ်ဖြင့် သေချာတပ်အပ် မမြင်ကောင်း၊ မမြင်နိုင်သော နိဗ္ဗာန်ချမ်းသာကို မိမိတို့ သိမြင်ခံစားနိုင်သော ကိုယ်တွေ့ချမ်းသာများဖြင့်သာ ချင့်ချိန်နှိုင်းစာကြရသည်။

သို့သော် နိရောဓသစ္စာနိဗ္ဗာန်ကား ကိုယ်တိုင်ကိုယ်ကျ နားလည် သိမြင် ခံစားရသော သစ္စာကိုတကိစ္စဖြစ်သည်။ ကြားနာမှတ်သားရုံ၊ နှိုင်းယှဉ်မှန်းဆရုံမျှဖြင့် နိဗ္ဗာန်၏ ချမ်းသာခြင်းသဘောမှန်ကို အပြည့်အဝ နားမလည်နိုင်ပေ။ ထို့ကြောင့် နိဗ္ဗာန်ချမ်းသာကို ကိုယ်ပိုင်ဉာဏ်ဖြင့် တိတိကျကျ မသိမြင် မခံစားနိုင်မခြင်း နိဗ္ဗာန်နှင့် သက်ဆိုင်သော ပြဿနာများ ရှိနေပေဦးမည်။ ကလျာဏပုထုဇဉ် ဗုဒ္ဓဘာသာဝင်တို့မှာ နိဗ္ဗာန်နှင့်ဆိုင်သော တရားတော်များကို အစဉ်သဖြင့် နာယူမှတ်သား နေကြရပေဦးမည်။ နိဗ္ဗာန်နှင့်ဆိုင်သော သခ်ံန်းစာများကို အမြဲလေ့ကျင့်ဆည်းပူးနေကြရပေဦးမည်။

နိဗ္ဗာန်ချမ်းသာကို ကိုယ်တိုင်သိမြင်တော်မူကြသော ဘုရားရဟန္တာ အရိယာသူတော်မြတ်တို့သည် နိဗ္ဗာန်ကို အမည်အမျိုးမျိုး၊ ဥပမာအမျိုးမျိုးဖြင့် ဟောကြားပြသတော် မူကြသည်။ သစ္စာဒေသနာတော်၌ နိဗ္ဗာန်ကို နိရောဓသစ္စာဟု ဟောတော်မူ၏။ ဒုက္ခချုပ်ငြိမ်းခြင်း အမှန်တရား၊ ဒုက္ခချုပ်ငြိမ်းရာ အမှန်းတရားဟု အဓိပ္ပာယ်ရပေသည်။ နိဗ္ဗာန်၌ လောကီဘုံသားများ တွေ့ကြုံခံစားရသော ဆင်းရဲမှန်သမျှ ကင်းငြိမ်း၏။ ဓမ္မပဒဒေသနာတော်၌ နိဗ္ဗာနံ ပရမံ သုခံ – နိဗ္ဗာန်သည် အမြတ်ဆုံးသော ချမ်းသာ ဟု ဟောတော်မူ၏။

အမြဲမပြတ် ပြုပြင်ဖန်တီးနေရသည့် သင်္ခါရလောက၌ ရှင်သန်နေကြရသော ပုထုဇဉ်တို့သည် ပြုပြင်မှုကင်း၍ အသခ်ံတမည်သော နိဗ္ဗာန်ချမ်းသာကို တိတိကျကျ နားမလည်နိုင်ပေ။

အသင်္ခတနိဗ္ဗာန်သည် ပြုပြင်အပ်သော သဘောမရှိပေ။ အပြုသဘော မရှိသောကြောင့် အပျက်သဘောလည်း ကင်း၏။ ပြုပြင်ဖန်တီးမှု၊ ဖြစ်ပေါ် ပေါက်ဖွားလာမှုနှင့် ဖြစ်ပေါ်လာသော အရှိအတည်တို့ကို ခံစားသုံးသပ်၍ အကြမ်းစား အာရုံငါးပါးနှင့် တိုက်ရိုက် ပတ်သက်နေသော ခံစားမှုတို့ကိုသာ ဆင်းရဲချမ်းသာ ဆုံးဖြတ်နိုင်သော သူသူငါငါ သာမန် လောကသားများမှာ ပြုပြင်ရမှု၊ ဖြစ်တည်လာမှုနှင့် ခံစားရမှု ဝေဒနာတို့ ကင်းဆိတ်နေသော ချုပ်မှုသဘော နိဗ္ဗာန်အငြိမ်းဓာတ်ကို မှန်းဆ ခံစားနိုင်ရန် မလွယ်ကူပေ။

ကာမဂုဏ်၌ နစ်မြုတ်နေသော သတ္တဝါတို့ကို ကာမဂုဏ် အနှောင်အဖွဲ့မှ ကင်းလွတ်ရာ နိဗ္ဗာန်ချမ်းသာအကြောင်း ဟောပြရန် မလွယ်ကူကြောင်း ဘုရားရှင် ကိုယ်တော်တိုင်လည်း သိမြင်တော်မူခဲ့ပေသည်။ 'ကာမဂုဏ်၌ မွေ့လျော်သော သတ္တဝါ အပေါင်းတို့ကို နိဗ္ဗာန်ချမ်းသာအကြောင်း ဟောပြလျှင် ပင်ပမ်းရုံသာရှိမည်၊ တရားမဟောဘဲ ကြောင့်ကြမဲ့ နေတော့မည်'ဟု အကြံတော် ဖြစ်ခဲ့သေးသည်။ ဘုရားရှင်၏ အကြံတော်ကိုသိသော သဟမ္ပတိဗြဟ္မာကြီးသည် ဘုရားရှင်ကို တရားဟောတော်မူရန် တောင်းပန် လျှောက်ထားခဲ့ရသည်။ ထိုတောင်းပန်မှုကို အသိမှတ် ပြုသောအားဖြင့်လည်းကောင်း၊ ဉာဏ်မျက်စိ၌ ကိလေသာမြူ အညစ်အကြေး နည်းပါးသော သတ္တဝါတို့ အကျိုး များစေခြင်းငှါလည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း အကျင့်တို့ကို ဟောတော်မူခဲ့သည်။

နိဗ္ဗာန်ရွှေမြို့၊ အမြိုက်စခန်း၊ နိဗ္ဗာန်နန်း၊ နိဗ္ဗာန်ဆိတ်ကမ်း၊ နိဗ္ဗာန်အောင်ပန်း စသော တင်စားမှုများသည်လည်း ပုထုဇဉ်တို့ မြင်သာသော အသုံးအနှုန်းများ ဖြစ်ပေသည်။ သုံးဆောင်ခံစားဖွယ်ရာများ အစစ ပြည့်စုံသည့် မြို့ကြီးတစ်မြို့၊ ဌာနစခန်းကြီး တစ်ခု၌ နေထိုင်ကျက်စားခွင့်ရလျှင် ကိုယ်စိတ်နှစ်ပါး သက်သာ ချမ်းမြေ့သည်။ ထိုသို့သော အခိုက်အတန့် ချမ်းမြေ့မှုကို နိဗ္ဗာန်၏ ထာဝရ ချမ်းမြေ့မှုနှင့် နှိုင်းစာ ပြကြ၏။

ထို့ပြင် အသိခက်သော ဉာဏ်အရာ နိဗ္ဗာန်ချမ်းသာကို ကိုယ်တိုင် သိမြင်ခံစားနိုင်သော ကာယိကသုခ လောကချမ်းသာများနှင့် နှိုင်းစာရာမှ လောကနိဗ္ဗာန်ဟူသော စကားလည်း ဖြစ်ပေါ်လာသည်။ ရွှေငွေ အသုံးအဆောင်ပစ္စည်းများ၊ အခြွေအရံ အသင်းအပင်း၊ ဂုဏ်သတင်း အကျော်အစော စသော ပြည့်စုံမှုများကို ပိုင်ဆိုင်ရလျှင် လောကနိဗ္ဗာန်ဟု ညွှန်းဆိုကြသည်။

ထိုပြည့်စုံမှုများသည် တဏှာဖုံးလွှမ်းထားအပ်သော လောကအမြင်၌ ခံစားဖွယ်ရာ ကောင်းကျိုး ချမ်းသာများ ဖြစ်ကြပေသည်။ ထို့ကြောင့် လောကနိဗ္ဗာန်ဟူသော စကားသည် နိရောဓသစ္စာ နိဗ္ဗာန်ကို တပ်အပ်ထင်ထင် မသိမြင်နိုင်ကြသေးသော လောကီသားတို့အတွက် (မရှိသုံး အနေဖြင့်) အလွန် သင့်လျော်သော တင်စားသုံးနှုံးမှုပင် ဖြစ်ပေသည်။ သို့သော် ထိုထို လောက ချမ်းသာများထက် လောကုတ္တရာ နိဗ္ဗာန်ချမ်းသာက အဆများစွာ သာလွန်မည်ဟု ဖြည့်စွက် မဆင်ခြင်နိုင်လျှင် ကာမချမ်းသာကို အလွန်တန်ဖိုးထားသည့် ကာမသုခလ္လိကာနုယောဂဟူသော တစ်ဘက်စွန်းသို့ ရောက်သွားနိုင်ပေသည်။ ပျက်ခြင်းအဆုံးရှိသော ကာမချမ်းသာကို အထင်ကြီး ကိုးစားနေလျှင် မပျက်မစီး အမြဲတည်သော ချမ်းသာ၊ နိစ္စ ထာဝရ ဓူဝ သဘောရှိသော နိဗ္ဗာန်နှင့် လွဲချော်သွား ပေမည်။

နိဗ္ဗာန်နှင့် အလှမ်းဝေးသော လောကီသားတို့ နားလည်နိုင်အောင် ခိုင်းနှိုင်း ပြအပ်သော ချမ်းသာခြင်းများသည် တဏှာ၏ အကြိုက် တဏှာ၏ အစာအာဟာရ တဏှာ၏ ဓာတ်စာတို့သာ ဖြစ်ကြကုန်သည်။ နိဗ္ဗာန် ချမ်းသာကား တဏှာဖြင့် ခံစားကောင်းသော အရာမဟုတ်ပေ။ တဏှာ ကင်းမှု ဝိရာဂ တရား၊ တဏှာချုပ်မှု နိရောဓတရားသာ ဖြစ်ပေသည်။

တဏှာလောဘ ချုပ်ငြိမ်းမှုကို နိရောဓသစ္စာ ဆိုသော်လည်း နိရောဓသို့ ဆိုက်ရောက်လျှင် လောဘသာမက ကိလေသာမှန်သမျှ ချုပ်ငြိမ်းသွားပေသည်။ နိဗ္ဗာန်ချမ်းသာ၌ ကိလေသာ မြူအညစ်အကြေး လုံးဝကင်းစင်၏။ ပုထုဇဉ်တို့သည် မိမိတို့၏ လောကီကုသိုလ် အစွမ်းဖြင့် လောဘ ဒေါသ မောဟ မာနစသော စိတ်၏အညစ်အကြေး ကိလေသာများကို အခိုက်အတန့် ပယ်ခွာထားနိုင်ကြသည်။ အခိုက်အတန့်ပင်ဖြစ်စေ ကိလေသာ အညစ်အကြေး ကင်းစင်သော ပကတိစိတ်သည် ချမ်းသာသုခကို ဆောင်ကြဉ်းပေးနိုင်၏။ ကုသိုလ်ပြုခိုက် ကိလေသာ ကင်းနေသောအခါ ခံစားရသော အခိုက်အတန့် ချမ်းသာနှင့် နိုင်းဆ၍ ကိလေသာ လုံးဝ ကင်းရာ အမြတ်ဆုံးချမ်းသာဖြစ်သော နိရောဓသစ္စာ နိဗ္ဗာန်ကို မှန်းဆအာရုံပြုနိုင်ကြပေသည်။

အဆင်း အသံ အနံ့ အရသာ အတွေ့အထိဟူသော ဝတ္ထုအာရုံ ကာမဂုဏ်တို့သည် လောဘစသော ကိလေသာကာမတို့၏ မွေ့လျော်ရာ ဖြစ်ပေသည်။ ထိုအာရုံများ အပေါ်၌ လောဘဖြင့် စွဲလမ်းကြသည်။ ဒေါသဖြင့် ရန်လိုငြိုးဖွဲ့ကြသည်။ တပ်မက်ဖွယ် အာရုံတစ်မျိုးမျိုးကို

လောဘဖြင့် တပ်မက်စွဲလမ်းမိလျှင် သာယာဖွယ် ထင်ရသော်လည်း ချမ်းသာခြင်း အစစ်အမှန် မဟုတ်ပေ။ လောကချမ်းသာ၏ ပတ်ဝန်းကျင်၌ တောင့်တအပ်သော အာရုံကို ပိုင်ဆိုင်နိုင်အောင် သုံးဆောင် ခံစားနိုင်အောင် အားထုတ်ရသော ပရိယေသနဒုက၊ ပိုင်ဆိုင်မှု လက်ရှိခံစားမှုများ ကျဆုံး ပျောက်ပျက်မသွားအောင် ဆုပ်ကိုင် ထိန်းသိမ်းထားရသော အာရက္ခဒုက္ခစသော ဒုက္ခမျိုးစုံ ဝိုင်းအုံနေပေသည်။

တွေ့ကြုံရသော အာရုံကို မစွဲလမ်းဘဲ လောဘတဏှာကို ထိန်းချုပ်ထားနိုင်လျှင် သို့မဟုတ် နှစ်သက်ဖွယ် အာရုံနှင့် ရှောင်ခွာနေနိုင်လျှင် ငြိမ်းချမ်း၏။ အာရုံကို မရှောင်ခွာနိုင်သူ အာရုံအပေါ်၌ ယောနိသောမနသိကာရဖြင့် သင့်ရုံမျှရုံ သဘောမထားနိုင်သူတို့အတွက် ပတ်ဝန်း ကျင်၌ ရှိရှိသမျှ အာရုံတို့သည် ကိလေသာ ဖြစ်ပေါ်ကြောင်းများသာတည်း။ နိဗ္ဗာန်ရရေး အားထုတ်ရာ၌ ကြုံရသော အာရုံကို ယောနိသောမနသိကာရဖြင့် ရှုမြင်ရန် မလွယ်ပေ။ အလေ့အလာများ၍ ဉာဏ်ရင့်ကျက်မှု ရှိမှသာလျှင် ရှုမြင်နိုင်၏။ ထို့ကြောင့် ကိလေသာ ဖြစ်ပေါ်အောင် နှိုးဆွနိုင်သော အာရုံဆိုးများကို ရှောင်ခွာနေသင့်၏။

ပင်ကိုယ်သဘာဝအားဖြင့် ကိလေသာတို့နှင့် ပြည့်နှက်နေသော လောကီသားတို့ သန္တာန်၌ အာရုံတစ်ခုခု တွေ့လိုက်သည်နှင့် ကိလေသတစ်မျိုးမျိုး ဖြစ်ပေါ်လာပေမည်။ ထို့ကြောင့် တောထွက်ခြင်း အလေ့အကျင့်ဖြင့် ကိလေသာမှ ဖယ်ရှောင်ကာ ငြိမ်းချမ်းမှု ရရှိအောင် ကြိုးပမ်း ကြလေသည်။ ဘုရားလောင်း သိဒ္ဓတ္ထမင်းသားသည်ပင် ကိလေသာနှိုးဆွသော လောကီအာရုံ လောကီ စည်းစိမ်ချမ်းသာ အားလုံးတို့ကို စွန့်ခွာ၍ တောထွက်ခဲ့သည်။ ကိလေသာ အားလုံးတို့ကို အမြစ်ပြတ် သုတ်သင်ပြီး သဗ္ဗညု ဘုရားရှင် အဖြစ်သို့ ရောက်တော်မူပြီးသော အခါ၌လည်း လောကီအာရုံတို့မှ ကင်းဆိတ်ရာ၌ သီတင်းသုံး နေတော်မူလေ့ ရှိပေသည်။ ဝတ္ထုကာမ လောကီအာရုံတို့သည် ဘုရားရှင်အတွက် ကိလေသာဖြစ်ကြောင်း မဟုတ်သော်လည်း ဘုရားရှင်သည် အာရုံတို့မှ ရှောင်ခွာပြီး ကာယဝိဝေကဖြင့် ဆိတ်ငြိတ်စွာ နေတော်မူလေ့ ရှိပေသည်။

'တစ်ယောက်တည်း နေခြင်း စားခြင်းကိုလည်းကောင်း၊ တစ်ယောက်တည်း အိပ်ခြင်းကို လည်းကောင်း ပြုရာ၏။ တစ်ယောက်တည်း မပျင်းမရိကျင့်လော့။ တစ်ယောက်တည်း မိမိကိုယ်

ကို ဆုံးမသည်ဖြစ်၍ တောအုပ်၌ မွေ့လျော်ရာ၏'ဟု ဓမ္မပဒ၌ ဟောတော်မူပေသည်။ တစ်ကိုယ်တည်း နေ၍ ဧကစာရီ ကျင့်သုံးခြင်းကို နိဗ္ဗာန်ရောက်ကြောင်း၊ နိရောဓသစ္စာကို ထိုးထွင်း သိမြင်ကြောင်း နည်းကောင်းတစ်ခုအဖြစ် ညွှန်ကြားတော် မူခဲ့ပေသည်။

နိရောဓသစ္စာ နိဗ္ဗာန်နှင့် အလှမ်းဝေးသေးသော ဗုဒ္ဓဘာသာဝင် ကလျာဏ ပုထုဇဉ်တို့သည် ဘုရား ရဟန္တာ အရိယာသူတော်စဉ်တို့၏ လမ်းညွှန်မှုဖြင့်လည်းကောင်း၊ မိမိတို့ သက်ဝင်နိုင်သော ပုထုဇဉ်ဉာဏ်နှင့် မှန်းဆခြင်းဖြင့်လည်းကောင်း နိရောဓသစ္စာ နိဗ္ဗာန်ကို အစဉ် စိတ်ညွှတ်ကြ ကုန်ရာ၏။

တွေ့ကြုံရသော ကာမအာရုံများကို ကိလေသာဖြင့် မကပ်ငြိဘဲ နေခြင်းဖြင့်လည်းကောင်း၊ ကိလေသာကို နှိုးဆွနိုင်သည့် လောကီအာရုံများမှ ရှောင်ခွာနေခြင်းဖြင့်လည်းကောင်း နိရောဓသစ္စာ နိဗ္ဗာန်ချမ်းသာကို သိမြင်ခံစား မျက်မှောက်ပြုနိုင်အောင် ကြိုးပမ်းကြ ကုန်ရာ၏။

## ၄။ မဂ္ဂသစ္စာ

အချိန်ဟူသည် ပရမတ်သဘော အနေဖြင့် ထင်ရှားမရှိသော ပညတ်တစ်မျိုးဖြစ်၏။ နှစ်, လ, ရက်, နေ့, နာရီတို့ကို ကာလပညတ်ဟု သတ်မှတ်သည်။ အချိန်သည် ပညတ်ဖြစ်သော်လည်း အရာကျယ်၏။ နေ့နှင့်ညဟူ၍ ခွဲခြားသတ်မှတ်မှု မရှိသည့် ဝင်ရိုးစွန်းဒေသ၌ပင်လျှင် အချိန်နာရီ သတ်မှတ်ချက်ကား ရှိရသေးသည်သာတည်း။ သို့သော်လည်း အချိန်ကာလ၏ ထိန်းချုပ် ကန့်သတ်မှု မှ လွတ်မြောက်ရာကား ရှိပြန်သေးသည်သာ။ ဤသည်ကား မြတ်နိဗ္ဗာန်ပင် ဖြစ်ပေ သည်။ ဤနိဗ္ဗာန်ကို နားလည်ခံစားရန် မလွယ်ပေ။ နိဗ္ဗာန်ရရေးကြိုးစားရာ၌ ကောင်းမြတ်သော အချိန်ကာလနှင့် မှန်ကန်သော နည်းစနစ်တို့သည် အရေးပါ၏။ ကောင်းမြတ်သောကာလဟူသည် သူတော်ကောင်းတရား ထွန်းကားခိုက်ကို ဆိုလို၏။ မှန်ကန်သော နည်းစနစ်ဟူသည် မဂ္ဂသစ္စာကို ဆိုလို၏။

အချိန်နှင့် စပ်လျဉ်း၍ အယူအဆ အမျိုးမျိုး ရှိပေသည်။ အမြင်အမျိုးမျိုး ရှိလေသည်။ လူတစ်ယောက်၏ဘေး၌ နာရီတစ်လုံးတော့ ရှိသင့်သည်ဟု စိတ်ပညာရှင်တို့ မိန့်ဆိုသည်။ လူတစ်ယောက် စိတ်ဓာတ်ပျိုကွဲပြီး ရူးသွပ်သွားအောင်လုပ်သည့် အလွယ်ဆုံးနည်းမှာ အချိန်နာရီ

တို အသိမပေးဘဲ ထားလိုက်ခြင်းပင် ဖြစ်သည်ဆို၏။ သိုးဆောင်းတို့ကား Time is money-အချိန်သည်ငွေဟု ပြောကြလေသည်။ သူတို့ကား အချိန်တိုင်း ငွေရဖို့ ကြိုးစားကြသည်။ ဗုဒ္ဓစာပေ၌ကား ကာလော ဃသတိ ဘူတာနိ-အချိန်သည် သတ္တဝါတို့ကို စားသည်ဟု လာရှိ၏။ အချိန်သည် သတ္တဝါတို့၏ အသက်, အဆင်း, ခွန်အားတို့ကို ယုတ်လျော့ ကုန်ခန်းစေသည်။ နုပျိုမှုကို ချေမှုန်းသည်။ ကျန်းမာမှုကို ချေဖျက်သည်ဟု ဆိုလိုပေသည်။ ဘုရားရဟန္တာတို့ကိုကား ကာလဃာသဘူတ-အချိန်ကိုစားသူများဟု ဆိုပြန်သည်။ ဘဝအသစ်, ပဋိသန္ဓေအသစ် မရှိတော့ခြင်း၊ အနာဂတ်ကာလကို အရိယာမဂ်ဖြင့် ဖြတ်တောက်ထားပြီးဖြစ်ခြင်း၊ နောက်ဘဝ မရှိတော့ခြင်းကို ရည်ရွယ်၏။ (မူလပရိယာယဇာတ်)။

မည်သို့ဆိုစေ သက်ရှိတို့အတွက် ကာလပညတ်ဖြစ်သော အချိန်၏ အရေးပါမှုကား သေချာ၏။ သတ္တဝါတို့၏ ဘဝဖြစ်စဉ်သည် အချိန်ကိုမှီ၏။ သတ္တဝါတို့သည် အချိန်ကာလ အကန့်အသတ်မဲ့ ကြာမြင့်စွာ မိုက်မှားခဲ့ကြပြီးမှ တဖြည်းဖြည်း တစ်စတစ်စ တိုးတက်ယဉ်ကျေးလာခဲ့ကြရသည်။ သတ္တဝါတို့သည် အရိုင်းမှ အယဉ်သို့ အသွင်ကူးပြောင်းကြရ၏။ မဂ္ဂသစ္စာ အကျင့်မြတ် အဆင့်ဆင့်ကို တိုး၍တိုး၍ ကျင့်ဆောင်ကြရ၏။

လောက၏ အကြီးအမှူး အထွတ်အခေါင် ဖြစ်တော်မူကြသော ဘုရားရှင် တို့သည်ပင် သံသရာ အဆက်အဆက်, ဘဝများစွာ, ရှည်လျားစွာသော ကာလပတ်လုံး ပါရမီတော် အဆင့်ဆင့်ကို ဖြည့်ကျင့်တော် မူခဲ့ရသည်။ အတုလ ဘုရားရှင်တို့သည် အနမတဂ္ဂသံသရာ၌ ဘဝမျိုးစုံ ဖြစ်တော်မူ ခဲ့ကြရသည်။ မရင့်ကျက်သေးသော ဘုရားလောင်းတို့၏ ဘဝသည် သေးမွှား နံ့ချာခဲ့၏။ သာမန် သတ္တဝါအဆင့်မှ အတုမဲ့ ဖြစ်လာအောင် အချိန်ယူရသည်။ အဆင့်ဆင့် ကျင့်ယူရသည်။ တစ်ဆင့်ချင်း ရင့်ကျက်လာရသည်။

သတ္တဝါတို့၏ ဘဝကို အဆင့်ဆင့် မြင့်တင်ပေးရန် ဘုရားရှင် အဆူဆူတို့ ပွင့်ထွန်းတော်မူခဲ့ကြပြီ။ ပွင့်တော်မူခဲ့သည့် ဘုရားရှင်တို့ မရေတွက်နိုင်တော့ပေ။ သာသနာလင်းခိုက် အခါကောင်း၌ ဘုရားရှင်တို့၏ အဆုံးအမကို နာယူကြရ၍ ကျွတ်လွတ် ငြိမ်းချမ်းကာ သံသရာ တစ်ဘက်ကမ်းသို့ ကူးမြောက်သွားခဲ့ပြီးသော သတ္တဝါတို့လည်း အနန္တရှိခဲ့၏။ အချိန်သင့်၍ ရင့်ကျက်ကျွတ်လွတ် သွားကြပြီးသော သတ္တဝါတို့သည် အရေအတွက်ကို လွန်၏။

ဂေါတမ ရှင်တော်ဘုရား ပထမဆုံး ဟောတော်မူခဲ့သည့် ဓမ္မစကြာတရားပွဲ၌ပင် ကုဋေ ရှစ်ဆယ်သော ဗြဟ္မာများနှင့် မရေ မတွက်နိုင်အောင် များပြားသည့် နတ်ဒေဝါတို့ အကျွတ်တရား ရခဲ့ကြလေသည်။ လူသားအနေဖြင့်ကား အရှင်ကောဏ္ဍည တစ်ပါးတည်းသာ သောတာပန် တည်ခဲ့သည်။ တရား တစ်ပွဲတည်းနှင့် သတ္တဝါတို့၏ ဘဝဒုက္ခ အတုံးလိုက် အခဲလိုက် တစ်ချိန်တည်း တပြိုင်နက် ငြိမ်းအေးသွားပုံကား အားရလောက် ပါပေသည်။ အားကျဖွယ်ပင် ဖြစ်ပေ၏။

သို့သော်လည်း ကျွတ်ချိန်လွတ်ချိန် မသင့်သေးသူ၊ သစ္စာဉာဏ်နုသေးသည့် သတ္တဝါတို့ကား ဘုရားမသိ၊ တရားမသိ၊ သံဃာမရှိနှင့် သံသရာ ခရီးဆိုးကြီး၌ ပင်ပမ်းခဲ့ကြရလေသည်။ ဟိုက်နွမ်း ခဲ့ကြရပေပြီ။ စုန်လိုက် ဆန်လိုက်၊ နိမ့်လိုက် မြင့်လိုက်နှင့် ဘဝသံသရာ၌ ပရမ်းပတာ ကျင်လည် ဖြတ်သန်း ခဲ့ကြရပေသည်။ သတ္တဝါတို့၏ အခြေအနေကို ကြည့်ကာ လိုက်ဖက်မည့် တရားကို ဟောတော်မူနိုင်သည့် ဘုရားရှင်တို့နှင့် မတွေ့ခဲ့ကြရပေ။ ကြားရုံမျှဖြင့်ပင် အပူကင်းစေသည့် တရားရေအေးကို မသောက်ချိုး ခဲ့ကြရပေ။ ထိုက်တန်သူများ ကျွတ်လွတ်ခဲ့ကြသော်လည်း မထိုက်တန်သူတို့ကား သံသရာ ဝဲဂယက်ဆိုးအတွင်း ဖရိုဖရဲ ဖြစ်ခဲ့ရသည်။ ဆိုးဝါး စူးရှ ပြင်းထန်လှသည့် ဘဝသံသရာဝဲအတွင်း ကူးခတ်ခဲ့ကြသည်မှာ အချိန်မည်မျှ ကြာမြင့်ခဲ့ပြီနည်း။ မည်မျှ နွမ်းလျ နေပြီနည်း။ မည်သူ အတိအကျ သိလေမည်နည်း။ သေချာသည်ကား ဘဝမည်သည် အချိန်နှင့်အမျှ အဆင့်ဆင့် တိုးတက်ရင့်ကျက် ရခြင်းပင်တည်း။

ဗုဒ္ဓဘာသာဝင် တစ်ဦးအနေဖြင့် အစမထင်အောင် ရှည်လျားသော အတိတ်ဘဝများ၌ စုန်ဆန် နိမ့်မြင့် ကျင်လည်ရမှု သံသရာဘေးဆိုးကို မှန်းဆ မြင်ယောင်သင့်သည်။ သံသရာဒုက္ခကို ဉာဏ်နှင့်ဆင်ခြင် ကြည့်သင့်သည်။ ဒုက္ခကိုမြင်မှ သုခကို ရနိုင်သည်။ ဒုက္ခမသိလျှင် သုခကို မလိုချင်။

ဒုက္ခသစ္စာကို မြင်လျှင် သစ္စာတရားအားလုံးကို မြင်နိုင်ကြောင်း ဘုရားရှင် ကိုယ်တော်တိုင်လည်း ဟောတော်မူခဲ့သည်။ အသိဉာဏ်ရင့်ကျက်သူ၊ အတွေ့အကြုံ များသူတို့တွင် ဘုရားရှင်သည် အတုမဲ့ ဖြစ်တော်မူ၏။ ဘုရားရှင်သည် ဒုက္ခမှန်သမျှမှ အပြီးအပိုင်

လွတ်မြောက်တော် မူပြီးသောအခါ =ဒုက္ခ၏ အကြောင်းရင်းကို ရှာဖွေရင်း ကြိမ်ဖန်များစွာ ဆင်းရဲခဲ့ရသည်+ဟု ဥဒါန်းကျူးရင့်တော်မူခဲ့၏။ ဘုရားရှင်သည်ပင် ဘဝဒုက္ခကို ပြန်လည် ဆင်ခြင်တော် မူခဲ့၏။ ဒုက္ခနှင့် ထုဆစ်ထားသော ဘဝသံသရာ ရုပ်လုံးကို မှန်းဆ မြင်ယောင်နိုင်သူသည် ရင့်ကျက်သူမည်၏။

ငယ်စဉ်အခါ ကလေးဘဝမှ ရူးသွတ်မိုက်မဲမှုကြောင့် ဆင်းရဲခဲ့ရသော အတွေ့အကြုံများကို အသက်အရွယ် ရလာသောအခါ၊ အသိရင့်လာသောအခါ ပြန်လည်စဉ်းစား သိရှိနိုင်သည်။ ဆင်းရဲကြောင်း ဖြစ်သော မိုက်မဲသည့် အပြုအမူတို့ကို ရှောင်ကြဉ်ခြင်းအားဖြင့် သက်သာရာရနိုင်သည်။ ထို့အတူ အတိတ်သံသရာ၌ မိုက်မှားမိခဲ့သည်ကို ဆင်ခြင်စဉ်းစား၍ အနာဂတ်အတွက် လိမ္မာသင့်သည်။ အတိတ်သံသရာ၌ ခံစားခဲ့ရသော ဘဝဒုက္ခများကို ပြန်လည်စဉ်းစား ဆင်ခြင်နိုင်ခြင်းသည် ရင့်ကျက်မှု၏ သင်္ကေတတစ်ခု ဖြစ်ပေသည်။ ဘဝဒုက္ခကို ဆင်ခြင်နိုင်သူ, သိမြင်နိုင်သူတို့ကား အချိန်နှင့်အမျှ ရင့်ကျက်သူများ ဖြစ်ပေသည်။

သစ္စာသိမှ၊ သစ္စာဉာဏ်ရှိမှ ရင့်ကျက်မည်။ ကျွတ်လွတ်ငြိမ်းချမ်းနိုင်သည်။ ဘဝဒုက္ခကို ဆင်ခြင်တတ်သူတို့ကား ရင့်ကျက်မှု လမ်းစပေါ် ခြေချမိသူများ ဖြစ်ကြ၏။ ဒုက္ခကို ကြံဆသူ၊ ဒုက္ခကို သိမြင်သူတို့သည် သစ္စာသမားများ မည်၏။ ဒုက္ခသည် သစ္စာပင် မဟုတ်ပါလော။

သစ္စာပြ၍ သတ္တဝါတို့၏ ဘဝကို အဆင့် မြင့်ပေးနိုင်ရန် အတွက် ပွင့်ထွန်း တော်မူခဲ့ကြသော ဘုရားရှင် ကိုယ်တော်မြတ်တို့ကို မျက်မြင် မဖူးလိုက်ရ, ထိုဘုရားရှင်တို့ ဟောကြားအပ်သော သစ္စာတရားတော်များကို ကိုယ်တိုင်ကိုယ်ကျ မနာယူလိုက်ရသော်လည်း သံဃာတော်များ မူရင်းမပျက် ကျက်မှတ် သယ်ဆောင်လာခဲ့သည့် တရားတော်တို့ကို နာယူ ဆင်ခြင် ကျင့်ကြံခွင့် ရနေသူများကို ဘဝအဆင့် မြင့်လာသူများ, တိုးတက် ရင့်ကျက်သူများဟု ဆိုနိုင်ပေသည်။

ဘုရားရှင်တို့၏ အဆုံးအမများသည် တစ်ဆင့် ကြားနာရလျှင်လည်း လိုက်နာကျင့်ကြံသူ အတွက်ကား တိုက်ရိုက် ကြားနာရသူကဲ့သို့ပင် ဘဝငြိမ်းချမ်းမှု ပေးစွမ်းနိုင် ပေသည်။

ဘုရားရှင်ချမှတ်ခဲ့သော မဂ္ဂင်လမ်းမပေါ် လျှောက်လှမ်းရင်း ငြိမ်းချမ်းသည့် ဘဝကို တည်ဆောက် နိုင်လျှင် ဘဝအရည်အသွေး မြင့်လာသည်မည်၏။ သစ္စာတရားနှင့် နီးကပ်သူ ဘဝအဆင့် မြင့်လာသူ တို့သည် သာမန်အရှုပ်လောဒ္ဓ ကျင်လည်ရင်း၊ လောကဝန်ထုပ်များ တနင့်တပိုး ထမ်းရွက် သယ်ဆောင်ရင်းပင် နိဗ္ဗာန်ဆီသို့ ဦးတည်နေသည့် မဂ္ဂင်လမ်းမပေါ်၌ တည့်တည့်မတ်မတ် လျှောက်လှမ်း နိုင်ကြ၏။

အချိန်နှင့်အမျှ သစ္စာဉာဏ်ရင့်လာသူ၊ ဘဝအဆင့်မြင့်လာသူသည် ဘဝလွတ်မြောက်ရေး အတွက် အမြဲ အားထုတ်၏။ ရေးကကြိုးပမ်းမှုများ လက်ရှိစွမ်းဆောင်မှုများမှာ နောင်အခါ ဆုလာဘ်ဖြစ်လာမည့် အရင်းအနှီးဖြစ်သည်ဟု ရဲရဲ ယုံထားနိုင်၏(သမ္မာဒိဋ္ဌိ)။

ဘဝလွတ်မြောက်ရေး ဘဝကြီးပွားရေးကို အထောက်အကူပေးမည့် စိတ်ကူးကောင်းများ ရှိ၏(သမ္မာသင်္ကပ္ပ)။

ချိုချို သာသာ ပြောဆိုဆက်ဆံ၍ လူအများ၏ မေတ္တာကို ခံယူနိုင်သည်(သမ္မာဝါစာ)။

အပြောသာ မဟုတ် အလုပ်နှင့်ပါ သက်သေပြ၍ သူတစ်ပါးအပေါ် စေတနာ ထားသော ကြောင့် ဘဝအဆင့် ရင့်ကျက် မြင့်မားလာသူတို့၏ အသက်မွေးမှု ကိုယ်ပိုင်လုပ်ငန်းသည်ပင် ထိုသူတို့၏ ဘဝထောက်တည်ရာ ဖြစ်ပြီး ပတ်ဝန်းကျင်အတွက်လည်း အားထားမှီခိုရာ ဖြစ်လာတော့သည် (သမ္မာကမ္မန္တ+သမ္မာအာဇီဝ)။

ထိုသူတို့ ကြိုးပမ်းသမျှ သည်လည်း အမျိုး ဘာသာ သာသနာ အတွက် ဖြစ်လာ၏ (သမ္မာသဝါယာမ)။

ဘဝအဆင့် မြင့်လာသူတို့သည် လျှောက်သည့်လမ်း ဖြောင့်တန်းနေရန် သတိရှိကြ၏ (သမ္မာသတိ)။

ပြုဖွယ်ကိစ္စ မှန်သမျှ၌ ပျာယာမခပ်ဘဲ အေးအေး ဆေးဆေး တည်တည်ငြိမ်ငြိမ် ခိုင်ခိုင် မာမာလည်း ဆုံးဖြတ်နိုင်လေသည်(သမ္မာသမာဓိ)။

ဤကား လူတိုင်း လျှောက်လှမ်းနိုင်သည့်၊ လူတိုင်း လျှောက်လှမ်းသင့်သည် လမ်းမှန် ဖြစ်၏။ အခြေခံမဂ္ဂသစ္စာဟု ဆိုနိုင်သည်။

ဉာဏ်ရင့်သူတို့ လျှောက်သောလမ်း ဟန်ချက် ညီနေခြင်းမှာ အဘယ့်ကြောင့်နည်း။ ဘုရားရှင် ထွင်တော်မူခဲ့သည့်လမ်း၊ မဂ္ဂင်လမ်း ဖြစ်နေ သောကြောင့်တည်း။ တရားနှင့်ယှဉ်သော ဘဝသည် သာယာ၏။ ဘုရားရှင်၏ တရားတော်သည် လိုက်နာကျင့်သုံး နိုင်သလောက် အကျိုးရစေ၏။ မဂ္ဂင်လမ်းသည် လျှောက်လှမ်းသူတို့ကို အေးချမ်းစေနိုင်၏။ ထိုမဂ္ဂင်လမ်းကို ဘုရားရှင်သည် ကမ္ဘာပေါင်း လေးသင်္ချေနှင့် တစ်သိန်းကြာအောင် အချိန်ယူ၍ ထုတ်ဖော်ရှင်းလင်းခဲ့ရသည်။

ဘုရားရှင်၏ မဂ္ဂင်လမ်းကိုသိ၍ လမ်းမှန်လျှောက်ခွင့်ရခြင်းသည် ဘဝအဆင့်မြင့်လာသူများ အတွက် အားသာချက်တစ်ခု ဖြစ်သည်။ ဘုရားရှင်၏ အဆုံးအမတော်များ လောကမှာ ရှိနေခိုက် လူဖြစ်ခွင့် ရခြင်းသည် ရင့်ကျက်ဖွံ့ဖြိုးရန် အခြေအနေကောင်းတစ်ခုပင် ဖြစ်ပေသည်။ ထိုအခွင့်ကို ရရန်ကား လွယ်ကူလှသည်မဟုတ်။ ဘုရားရှင်၏ လမ်းညွှန်ချက်များကို စေ့စေ့စပ်စပ် လေ့လာပြီးပါမှ နှစ်နှစ်ကာကာ လေးစား လိုက်နာခြင်း သည်လည်း ရင့်ကျက်သူတို့၏ ဝိသေသလက္ခဏာတစ်ရပ်ပင် ဖြစ်၏။

သတ္တဝါတို့၏ ဘဝကို ရင့်ကျက်ဖွံ့ဖြိုးအောင် ထောက်ပံ့ပေးနိုင်သည့် ဘုရားရှင်တို့ ပွင့်တော်မူချိန်က အနုစား, အညံ့စား, တရားဝေးသူ အဖြစ်ဖြင့် လေလွင့်မိုက်မှားခဲ့ကြသူ၊ လမ်းချော်ခဲ့ကြသူများသည် ဘုရားရှင်၏ လမ်းညွှန်ဆုံးမမှုများ မကွယ်ပျောက်မီ အချိန်အခါကောင်း ကြုံခိုက်၊ နည်းကောင်းလမ်းကောင်း အကျင့်ကောင်းများ ထွန်းကားနေချိန်၌ သတိကြပ်ကြပ်စိုက်၍ ကိုယ့်ဘဝကိုယ် မြှင့်တင်သင့်ကြသည်။ မြှင့်တင်ကြရမည်။

အချိန်နှင့်အမျှ ပါရမီမျိုးစေ့ ရင့်သည်ထက်ရင့်လာအောင် ရပ်တည် ရှင်သန်ကြရပေမည်။ နိဗ္ဗာန်ရကြောင်း လမ်းကောင်းလမ်းမှန် မဂ္ဂသစ္စာကို အဆင့်မီသလောက် ကြိုးစားလျှောက်လှမ်း ဖြည့်ကျင့်ကြရပေမည်။ သတိရှိကြပါကုန်လော့။

ရှင်အာစာရ

## ဖိတ်ခေါ်ချက်

ဗုဒ္ဓဓမ္မကို စိတ်ဝင်စားသူတိုင်း စိတ်ဝင်စားသော ဓမ္မအချက်အလက်ကို
စာတိုက်မှဖြစ်စေ၊ E-mail ဖြင့်ဖြစ်စေ

(အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာဖြင့်ဖြစ်စေ)

အောက်ပါ လိပ်စာသို့ ပေးပို့ပြီး

ဆွေးနွေးခြင်း၊ မေးမြန်းခြင်းများ ပြုလုပ်ကြပါရန်

လေးစားစွာ ဖိတ်ခေါ်ပါသည်

အရှင်အာစာရ
အခန်း ၂၀၁၊ အမျိုးသားဆောင် – အေ
အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊
မရမ်းကုန်း၊ ရန်ကုန်
acr@sailormoon.com